**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၉၅ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - Mr. Yuzo Asano ( Managing Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Myanmar Asia Optical International Co., Ltd.<br>အမှတ် (A2, A3)၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ ၀၉ ၄၂၀၀၉၂၂၈၁။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မှန်ဘီလူးအမျိုးမျိုးထုတ်လုပ် ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ( ၅၁,၁၃၄.၅ ) စတုရန်းမီတာ |
| (စ) | **စီမံကိန်းတည်နေရာ** | - အမှတ် (A2, A3)၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၇ - ၉ - ၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၆ - ၉ - ၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - Myanmar Asia Optical International Co., Ltd. ၏ ၃၀-၅-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ MAOI-EMP-၀၂(၂၀၂၂) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP)"** |



၁၃.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## Myanmar Asia Optical International Co., Ltd.မှ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း (Factory 1) ၏ စီမံကိန်းအကြောင်းအရာ

၁။ Myanmar Asia Optical International Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ် (A2, A3)၊ မြေဧရိယာ (၅၁,၁၃၄.၅) စတုရန်းမီတာပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကုမ္ပဏီ၏ ၃၀-၅-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ MAOI-EMP-၀၂(၂၀၂၂) ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Yuzo Asano၊ Managing Director ၊ Myanmar Asia Optical International Co., Ltd.၊ အမှတ် (A2, A3)၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၀ ၀၉၂ ၂၈၁ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများအား စစ်ဆေးခြင်း၊ ပုံသွင်းခြင်း၊ အထူစားခြင်း၊ အချောကိုင်ခြင်း၊ ဆေးကြောခြင်း၊ အနားဖြတ်စားခြင်း၊ အလွှာထပ်ခြင်း၊ Lens များအား ကော်ကပ်ခြင်း၊ ဆေးခြယ်ခြင်း၊ နောက်ဆုံးအကြိမ် အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် တင်ပို့ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အား (၃၅၁၉)ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓါတ်အားကို မဟာဓာတ်အားလိုင်းမှ ရယူကာ ထရန်စဖော်မာ(၃)လုံးဖြင့် ရယူပြီး လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် (160) kVA (၁)လုံး, (550) kVA (၁)လုံး, (1,000) kVA (၁)လုံး, (1,250) kVA (၃)လုံး၊ (1,400) kVA (၅)လုံး စသည့် Generator များဖြင့် လည်ပတ်ကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် နှစ်စဉ် 224,196.85 m3 ခန့်မှန်းသုံးစွဲမည်ဖြစ်ကြောင်း၊ အဓိကကုန်ကြမ်းမှာ Optical Glasses ကို တရုတ်၊ ထိုင်ဝမ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံများမှ တင်သွင်းမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းကို အောက်ပါဇယားအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

**အသုံးပြုကုန်ကြမ်းပစ္စည်းများ**

| No. | Commodity Name | Specifications | Yearly Consumption | Unit | Project |
|---|---|---|---|---|---|
| 1 | Optical Glass (Main Raw) | - | 60,000,000 | Pcs | Optical Lens Process |

| No. | Commodity Name | Specifications | Yearly Consumption | Unit | Project |
|---|---|---|---|---|---|
| 2 | Dusper K3 Cleaning Paper | 30 bag/box | 18,000 | bag | Lens Cleaning Process |
| 3 | Dusper K4 Cleaning Paper | 128 bag/box | 3,600 | bag | Lens Cleaning Process |
| 4 | Finger Cots | S-15 | 4,000 | bag | All Lens Process |
| 5 | Computer Paper | | 300 | bag | All Lens Process |
| 6 | Vacuum Bag | 460*460mm | 20,000 | Pcs | Packing Process |
| 7 | Vacuum Bag | 390*460*0.1mm | 5,000 | Pcs | Packing Process |
| 8 | Vacuum Bag | 320*400*02T | 5,000 | Pcs | Packing Process |
| 9 | Filter Paper/Glassing paper | 330*270MM | 22,500 | Pcs | Packing Process |
| 10 | Fill | 540*340mm | 180,000 | Pcs | Packing Process |
| 11 | Paper Tape/Masking Tape | 24*15yard | 3,000 | Pcs | All Lens Process |
| 12 | Tape | 2in | 16,000 | Pcs | All Lens Process |
| 13 | Tape | 1in | 2,500 | Pcs | All Lens Process |
| 14 | Plastic Film | 50-300(15-MIC) | 600 | Pcs | Packing Process |
| 15 | Paper Box (BCBX0001) | 350*290*230 | 28,500 | Pcs | Packing Process |
| 16 | Paper Box (BCBX0002) | 320*210*300 | 30,700 | Pcs | Packing Process |
| 17 | Paper Box (BCBX0003) | 335*435*172 | 750 | Pcs | Packing Process |
| 18 | Paper Box (BCBX0006) | 340*230*300 | 850 | Pcs | Packing Process |
| 19 | Paper Box (BCBX0007-7) | 320*210*150 | 150 | Pcs | Packing Process |
| 20 | Paper Pad (BCPX0004) | 300*190 | 100,300 | Pcs | Packing Process |
| 21 | Paper Pad (BCPX0005) | 330*265 | 96,000 | Pcs | Packing Process |
| 22 | Plastic Pad | 300*190 | 249,100 | Pcs | Packing Process |

| No. | Commodity Name | Specifications | Yearly Consumption | Unit | Project |
|---|---|---|---|---|---|
| | (BCPX0001) | | | | |
| 23 | Plastic Pad (BCPX0002) | 330*265 | 138,000 | Pcs | Packing Process |
| 24 | Silica Gel/ Desiccant | 2g | 144,000 | Pcs | Packing Process |

## အသုံးပြုဓာတုပစ္စည်းများ

| No. | Commodity Name | ERP No | Specifications | Yearly Consumption | Used Process |
|---|---|---|---|---|---|
| 1 | Acetone | L060101 | | 108,000 kg | QC-checking, centering reprocess, painting, coating process (wipes use) mold maintenance (Plastic injection section) |
| 2 | Adhesive OP-1030M | L062850 | HARDLOC | 500 g | Cementing |
| 3 | Adhesive OP-1030Z | L062849 | HARDLOC | 36,000 g | Cementing |
| 4 | Adhesive OP-1903R | L062898 | HARDLOC | 500 g | Cementing |
| 5 | Adhesive OP-1030K | L042366 | HARDLOC | 500 g | Cementing |
| 6 | Adhesive RW99 No.2 | RW99 | No.2 | 50 kg | KCG |
| 7 | Adhesive, UV Curable Acrylic Resin 5515 | L042619 | Work Rock No. 5515 | 3,500 g | Cementing |

| No. | Commodity Name | ERP No | Specifications | Yearly Consumption | Used Process |
|---|---|---|---|---|---|
| 8 | Adhesive, UV Curable Acrylic Resin 5518 | L042666 | | 3,000 g | Cementing |
| 9 | Adhesive, UV Curable Acrylic Resin 8807 L | L042639 | 8807L | 500 g | Cementing |
| 10 | Aluminium Oxide Al2O3 | D172323 | 46 degree | 1,500 kg | Coating process |
| 11 | AMBERJET TM 1000 Na Resin | B252150 | 1000 Na Resin | 750 kg | Pure water treatment |
| 12 | AMBERJET TM 4200 Cl Resin | B252173 | 4200 Cl Resin | 1,750 kg | Pure water treatment |
| 13 | Anti-corrosion and Scaling Agents | L062892 | HC-200 | 4,800 kg | Cooling tower |
| 14 | Bees Wax | | | 250 kg | Centering Process |
| 15 | Cleaning Agent | | FQG-118 | 14,400 kg | Cleaning process |
| 16 | Cleaning Agent | | FX15 | 55,200 kg | Cleaning process |
| 17 | Cleaning Agent | | QCJG-105 | 7,200 kg | Cleaning process |
| 18 | Cleanser (Methylene Chloride) | | FX-315 | 145,800 kg | Cleaning process |
| 19 | Calcium Carbonate | | CaCO3 | 144 kg | Cleaning process |
| 20 | Cutting fluid | | CK-01 | 8,000 l | Grinding / SC grinding |
| 21 | Cutting Liquid (Green cut), Water Soluble Grinding Fluid | L012202 | 18L | 216 kg | Grinding / SC grinding |

| No. | Commodity Name | ERP No | Specifications | Yearly Consumption | Used Process |
|---|---|---|---|---|---|
| 22 | Cutting Oil | | CKR-07 | 26,000 kg | Grinding / SC grinding |
| 23 | Cutting Oil | | QXY-281 | 72,000 l | Centering reprocess |
| 24 | Cenoflex 2621 | L062869 | Spray Pitch Cenoflex 2621 | 480 kg | KCG process /Centering cutting Reprocess |
| 25 | Deinking Agent | | FCT-18 | 3,000 kg | Centering reprocess |
| 26 | Detergent SAT-686 | L062890 | SAT-686 | 3,000 kg | Cleaning process |
| 27 | Chloroprene Rubber Solvent A-521 | L042616 | A-521 | 20 kg | Polishing process |
| 28 | Diethyl Ether | L060115 | | 5,260 kg | Centering reprocess, painting process, coating process, cleaning PVC Boxes, QC checking |
| 29 | EPOLLA #2000 BLACK A Liquid | L112162 | #2000 A | 288 kg | Painting process |
| 30 | EPOLLA #2000 SM B Liquid | L082012 | #2000 B | 144 kg | Painting process |
| 31 | EPOLLA #2000 Thinner | L062149 | #2000 | 288 l | Painting process |
| 32 | Ethanol (Denatured Ethanol) | L062634 | | 5,744 kg | Centering Reprocess, Painting process, coating process, Cleaning PVC Boxes, Checking Lens, SLA cleaning machine process use, mold maintain process |

| No. | Commodity Name | ERP No | Specifications | Yearly Consumption | Used Process |
|---|---|---|---|---|---|
| 33 | Film-stripping Agent | | FC-71 | 7,200 kg | Cleaning process |
| 34 | Glycerin | | Non sulfur, Clorine compounds | 840 kg | Cleaning process |
| 35 | Glue Removing Agent | L022164M | TG-05 | 3,500 kg | Cementing process |
| 36 | Hardener GT-7 II B | L112553 | Modified aromatic polyamine GT-7 II B | 72 kg | Painting process |
| 37 | Isopropyl Alcohol | L022137 | Isopropanol, IPA | 192,000 kg | Cleaning process |
| 38 | Magnesium Fluoride | D172348 | $MgF_2$ | 2,000 kg | Coating process |
| 39 | Norland Optical Adhesive 61 | L052024 | No.61 | 6,094 g | Cementing process |
| 40 | Paint GT-7 II A | L112473 | Bisphenol A liquid epoxy resin mixture | 576 kg | Painting process |
| 41 | Paint FASTITE No.140 (N) TL1 Black | L062896 | | 20 kg | Painting process |
| 42 | Paint (Lens coating Black B No.3) | L112163 | Lens coating Black B No.3, For glass | 16 kg | Painting process |
| 43 | Photo Bond #150 | L042511 | Ultraviolet curing adhesive #150 | 3,600 g | Cementing process |

| No. | Commodity Name | ERP No | Specifications | Yearly Consumption | Used Process |
|---|---|---|---|---|---|
| 44 | Photo Bond #300/300K | L042510 | Ultraviolet curing adhesive #300/300K | 1,200 g | Cementing process |
| 45 | 45. Polishing Liquid | D192157 | ZOX-N | 3,000 kg | Polishing process |
| 46 | Polyacrylamide | L062419 | PAM 90% | 300 kg | Sewage treatment |
| 47 | Poly-aluminum Chloride | L062096 | Aluminum trichloride, PAC | 3,750 kg | Sewage treatment |
| 48 | Vacuum Pump Oil | C392016 | MR-200 | 300 l | Coating process |
| 49 | Vacuum Pump Oil (Lubricant) | | R-7 | 400 l | Coating process |
| 50 | Diffuse Pump Oil | L012517 | OS-15, (C6H5)5Si3(CH3)3O2 | 200 l | Coating process |
| 51 | NT Silane Coupling Agent | L182172 | KBM #403 | 120 kg | Painting process |
| 52 | Rare Earth Polishing Powder | D192119 | Red | 1,000 kg | Polishing process |
| 53 | Rare Earth Polishing Powder | D192120 | White | 800 kg | Polishing process |
| 54 | Shin-Etsu Silicone | L042670 | X-31-1598-2 (silicone mixture) | 15,000 g | Cementing process |


| No. | Commodity Name | ERP No | Specifications | Yearly Consumption | Used Process |
|---|---|---|---|---|---|
| 55 | Silica Scale Cleaning Agent | L060265 | HC-300C | 2,100 kg | Cooling tower |
| 56 | SX-Lubricant for Glass Glazing | MAOJY2003S0127 | HY071 | 720,000 l | Centering reprocess |
| 57 | Surfclear 100 | D172267/ D170165 | PAF-497B MS-EC100 | 2,000 Pcs | Coating process |
| 58 | Silicon Dioxide | D172218 | Cristobalite $SiO_2$ | 600 kg | Coating process |
| 59 | Thinner GT-7 II | L112475 | GT-7 II | 576 kg | Painting process |
| 60 | Thinner (Lens YOU B Thinner) | L062151 | (Lens YOU B Thinner) For glass | 16 l | Painting process |
| 61 | Thinner No.2350 (90-7309) | L062897 | | 20 l | Painting process |
| 62 | Zirconium Dioxide | D172265 | $ZrO_2$ 99.9% 52° | 2,000 kg | Coating process |
| 63 | Zirconium Titanium Oxide | D172221 | Metallic oxide $ZrO_2$+$TiO_2$ 70° | 5,000 kg | Coating process |
| 64 | Paraffin Wax | L062908 | | 360 kg | Centering reprocess |
| 65 | Cutting Fluid | L012456M | SQXY-209 | 72,000 l | Centering reprocess |
| 66 | Norland Optical Adhesive 63 | L052103 | No.63 | 509 g | Cementing |
| 67 | Ink | L112172 | SY5084 | 2,700 ml | Painting process |
| 68 | Deinking Agent | L022089M | FCT-18 | 25,000 kg | Painting process |

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ် (A2, A3)၊ မြေဧရိယာ (၅၁,၁၃၄.၅) စတုရန်းမီတာပေါ်တွင် တည်ရှိပါသည်။

Myanmar Asia Optical International Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊
မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ် (A2, A3)၊ မြေဧရိယာ (၅၁,၁၃၄.၅) စတုရန်းမီတာပေါ်တွင်
အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း
(Factory 1) ၏ တည်နေရာပြမြေပုံ




## Myanmar Asia Optical International Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ် (A2, A3)၊ မြေဧရိယာ (၅၁,၁၃၄.၅) စတုရန်းမီတာပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း (Factory 1) ၏ Layout Plan




BUILDING LAYOUT PLAN
Scale 1" = 128'-0"

ပြည်ထောင်စု
ဝန်ကြီးရုံး

## Myanmar Asia Optical International Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ် (A2, A3)၊ မြေဧရိယာ (၅၁,၁၃၄.၅) စတုရန်းမီတာပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း (Factory 1) ၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ Myanmar Asia Optical International Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ် (A2, A3)၊ မြေဧရိယာ (၅၁,၁၃၄.၅) စတုရန်းမီတာပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကုမ္ပဏီ၏ ၃၀-၅-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ MAOI-EMP-၀၂(၂၀၂၂) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာတွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ဖော်ပြပါ အလေးထား လိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများအား စစ်ဆေးခြင်း၊ ပုံသွင်းခြင်း၊ အထူစားခြင်း၊ အချောကိုင်ခြင်း၊ ဆေးကြောခြင်း၊ အနားဖြတ်စားခြင်း၊ အလွှာထပ်ခြင်း၊ Lens များအား ကော်ကပ်ခြင်း၊ ဆေးခြယ်ခြင်း၊ နောက်ဆုံးအကြိမ် အရည်အသွေး စစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် တင်ပို့ခြင်းတို့ဖြစ်ကြောင်း ဖော်ပြ ထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရရှိရန် အလွှာထပ်ခြင်းအခန်းအား သန့်ရှင်းသပ်ရပ်စွာ ထားရှိရန်၊

(၂) Grinding နှင့် Polishing process မှထွက်ရှိသော အခိုးအငွေ့နှင့် အမှုန်များအား စုဆောင်းရန်အတွက် Mist Collector များထားရှိရန်နှင့် ထွက်ရှိမည့် အခိုးအငွေ့အမျိုးအစား၊ အမှုန်အမျိုးအစားပေါ် မူတည်ပြီး သင့်တော်သည့် အမှုန်ဖမ်းစနစ် ထားရှိဆောင်ရွက်ရန်၊

(၃) Lens Production မှ ထွက်ရှိသော အမှုန်အမွှားများအား စုဆောင်းရန် Portable Fume Extractor ထားရှိရန်၊

(၄) ထုတ်လွှတ်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု လျှော့ချရန်အတွက် မီးစက်အတွက် ခေါင်းတိုင်တပ်ဆင်အသုံးပြုရန်၊

(၅) လုပ်ငန်းသုံး စက်ပစ္စည်း၊ ယန္တရားများကို ပြုပြင်ထိန်းသိမ်းမှု ပုံမှန်ဆောင်ရွက်ရန်၊

(၆) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် Motor Vehicles Law (2015) အား လိုက်နာဆောင်ရွက်ရန်။

(ဃ) **ဆူညံသံ၊တုန်ခါမှုစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မျက်နှာကြက်များနှင့် နံရံများအား အသံလုံပစ္စည်းများ တပ်ဆင်၍ အသုံးပြုရန်၊

(၂) အလုပ်သမားများအား ဆူညံမှုမြင့်မားသော နေရာများတွင် နားအကာအကွယ်ပစ္စည်းများ တပ်ဆင်၍ အလုပ်လုပ်စေရေးဆောင်ရွက်ရန်၊

(၃) ဆူညံမှုမြင့်မားသော စက်ပစ္စည်းများ ထားရှိသည့်နေရာတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၄) သက်ဆိုင်ရာ ဝန်ထမ်းများအား သက်ဆိုင်ရာ ဌာနအလိုက် သင်တန်းများ ပို့ချဆောင်ရွက်ရန်၊

(၅) ဆူညံသံကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အထွေထွေလမ်းညွှန်ချက် အပိုဒ် (၁.၃) ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းပိုင်ရှင်မှ အဆောက်အဦတိုင်း၌ သီးခြားအမှိုက်ပုံးများ စီစဉ်ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်အစိုင်အခဲများအား အမျိုးအစားပေါ်မူတည်၍ စုဆောင်းသိမ်းဆည်းကြောင်းနှင့် သီးခြားသိုလှောင်သည့်နေရာတွင် သိုလှောင်ကြောင်း၊ နောက်ဆုံး စွန့်ပစ်အမှိုက်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၃) ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများအား ပြန်လည်အသုံးပြုကြောင်းနှင့် အချို့ပစ္စည်းများအား လုပ်ငန်းလိုင်စင်ရှိသောသူများအား ပြန်လည်ရောင်းချရန်။

(၄) Yangon City Development Committee Law (2018) အား လိုက်နာ ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အထွေထွေအသုံးပြုခြင်းမှ ထွက်ရှိသော စွန့်ပစ်အရည်များအား Filter Press System နှင့် Wastewater Treatment System တို့တွင် သန့်စင်၍ စွန့်ထုတ်ဆောင်ရွက်ရန်၊

(၂) ရေနုတ်မြောင်းနှင့် မိလ္လာစနစ်တို့အား ပုံမှန်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ Yangon City Development Committee Law (2018), အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် Underground Water Act တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွမ်းအင်ချွေတာ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တယားများနှင့် မီးခလုတ်များကို အလုပ်ပြီးပြီးနောက် ပိတ်ထားခြင်း ကဲ့သို့ ကောင်းမွန်သော လုပ်ငန်းခွင် ထိန်းသိမ်းမှု အစီအစဉ်များ ဆောင်ရွက်ရန်၊

(၂) The Electricity Law (2014) နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဇ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ သိုလှောင်ရာတွင် စနစ်တကျ ဆောင်ရွက်ပြီး ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများ စွန့်ပစ်မှုကို လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ လိုအပ်ချက်များ အတိုင်း လိုက်နာစွန့်ပစ်ရန်၊

(၃) ဓာတုပစ္စည်းထည့်ပြီးသည့် ကွန်တိန်နာအလွတ်များအား ပြန်လည် အသုံးပြုရန် အထူးလိုင်စင်ရ Supplier များထံ ရောင်းချခြင်း (သို့မဟုတ်) သင့်လျော်စွာ စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ Material Safety Data Sheet ပါ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိရန်၊

(၅) အလုပ်သမားများအား Chemicals များ ကိုင်တွယ်အသုံးပြုရာတွင် PPE များ ထောက်ပံ့၍ ဝတ်ဆင်ဆောင်ရွက်ရန်၊

(၆) Yangon City Development Committee Law (2018), The Prevention of Hazard from Chemical and Related Substances Law (2013) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများ၏ အရေးပေါ်ကိစ္စများအတွက် Chemical Safety Training, Fire Safety Training, Fire Drill Procedure Training နှင့် Health Safety Training တို့အား စီစဉ်ဆောင်ရွက်ရန်၊

(၂) အရေးပေါ် ပြေးလမ်းကြောင်းနှင့် အခြားသတိပြုရမည့် အချက်များပြ ဆိုင်းဘုတ်များအား နံရံပေါ်တွင် ချိတ်ဆွဲထောက်ပံ့ပေးရန်၊

(၃) ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးအတွက် သတိပေးဆိုင်းဘုတ်များအား မြင်သာသော နေရာများတွင် ချိတ်ဆွဲထားရှိရန်၊

(၄) အသုံးပြုသော Chemicals များအား သေချာစွာ ထိန်းသိမ်းထားရှိကြောင်းနှင့် အစဉ်အမြဲ စစ်ဆေးဆောင်ရွက်ထားရှိရန်၊

(၅) Emergency Management Team ထားရှိရန်၊

(၆) ဆူညံသံမြင့်သော နေရာတွင် အလုပ်လုပ်သော အလုပ်သမားများအား Earmuffs/ Earplugs စီစဉ်မှုစသည့် သင့်လျော်သော ဆူညံသံကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရှိရန်၊

(၇) အရေးပေါ်ဆေးသေတ္တာနှင့် စက်ရုံတွင်း၌ ဆေးခန်းတစ်ခု ထားရှိရန်၊

(၈) Fire Extinguishers, Hose Reel, Hydrant, Alarm System, Smoke Detector များ ထောက်ပံ့ထားရှိရန်၊

(၉) Public Health Law (1972), Prevention and Control of Communicable Diseases Law 1995 (Amendment 2011), Occupational Safety and Health Law (2019) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံစီမံခန့်ခွဲမှုကို မီးဘေး၊ ငလျင်၊ ရေကြီးခြင်းနှင့် မုန်တိုင်းကဲ့သို့သော အရေးပေါ် အခြေအနေအချို့ကို ကိုင်တွယ်ဖြေရှင်းရန် သင့်လျော်သော အစီအစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၂) စီမံကိန်းအပိုင်းတိုင်းရှိ မီးသတ်ကိရိယာများနှင့် မီးသတ်ငုတ်စနစ်တို့ကို ထောက်ပံ့ခြင်းနှင့် စစ်ဆေးခြင်း၊ မီးသတ်လေ့ကျင့်မှုကို ပုံမှန် ဆောင်ရွက်ခြင်း၊ Fire Drill Operation ကို ပုံမှန် စီမံဆောင်ရွက်ရန်၊

(၃) Evaluation Plan ကို ရေးဆွဲပြီး အလုပ်သမားများနှင့် ချိတ်ဆက် ဆောင်ရွက်ရန်၊

(၄) အလုပ်သမားများကို ငလျင်လှုပ်ပါက ဆောင်ရွက်သင့်သည့် အရေးပေါ် အခြေအနေဆိုင်ရာ ဘေးကင်းရေးညွှန်ကြားချက် သင်ကြားဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ မီးဘေးလုံခြုံစိတ်ချရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုံခြုံစိတ်ချရေးတို့နှင့် ပတ်သက်သည့် လိုက်နာရမည့် အချက်များအား အလုပ်သမားများအား သင်ကြားပြသဆောင်ရွက်ရန်၊

(၆) ရှေးဦးသူနာပြုစုရေးအတွက် စက်ရုံတွင်းဆေးခန်းကို ထားရှိရန်၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များအား ပြင်ဆင်ထားရှိရန်နှင့် အလုပ်သမားများမြင်သာသည့် နေရာတွင် ပြသထားရှိရန်၊

(၇) Emergency Management Team, Fire Emergency Management Team တို့ထားရှိရန်၊

(၈) Natural Disaster Management Law (2013), The Labor Organization Law (2011) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဋ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ်အရေးပေါ်ကိစ္စများအတွက် စက်ရုံတွင် မီးသတ်ဆေးဗူးများ၊ မီးသတ်ကိရိယာများကို ပုံမှန် ပြုပြင်ထိန်းသိမ်းရန်၊

(၂) အရေးပေါ်ထွက်ပေါက်နှင့် စုရပ်တို့အား လုပ်ငန်းခွင်အတွင်း ညွှန်ပြထားရန်၊

(၃) မီးလောင်မှုအရေးပေါ် သတိပေးစနစ်များအား မီးလောင်မှုအရေးပေါ် ဖြစ်ပေါ်လာပါက အလုပ်သမားများအား သတိပေးနိုင်ရန်အတွက် တပ်ဆင်ထားရှိရန်၊

(၄) စက်ရုံ အရေးပေါ်ကိစ္စများအတွက် အဓိကဝင်ပေါက်များနှင့် လျှောက်လမ်းတို့အား မီးအရေးပေါ်ကိစ္စများအတွက် ပစ္စည်းကိရိယာများ (သို့မဟုတ်) စက်ပစ္စည်းများနှင့် ပိတ်မိခြင်းမဖြစ်စေရန် အမြဲစီမံထားရှိရန်၊

(၅) Fire Emergency Management Team ထားရှိရန်၊

(၆) မြန်မာနိုင်ငံမီးသတ်ဥပဒေ (၂၀၁၅) နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(၄) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး(Ambient Air Quality )နှင့် ပတ်သက်၍ စက်ရုံဝင်းတွင် $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, $NH_3$, $CO_2$, CO, $H_2S$ and CH4 စသည့် ပါရာမီတာတို့အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) လေအရည်အသွေး (Indoor Air Quality) နှင့်ပတ်သက်၍ လုပ်ငန်းခွင်( Font Centering Department, Centering Department, Polishing, Grinding Department, Curve Generation, Coating Room, Painting Room, Packaging Room, Chemical Store နှင့် Generator Room အတွင်း)တွင် VOC, PM10, PM2.5 စသည့် ပါရာမီတာတို့အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) လေအရည်အသွေး (Generators' Stack Emission) နှင့် ပတ်သက်၍ Generators မီးခိုးခေါင်းတိုင်များတွင် O2, CO, CO2, CO2, NO2 and SO2 စသည့် ပါရာမီတာတို့အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) ဆူညံသံနှင့် ပတ်သက်၍ စက်ရုံဝင်းတွင် Ambient Noise အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်နှင့် Indoor Noise အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) ရေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံ၏ ရေဆိုးထွက်ပေါက်၊ ဝင်ပေါက်နေရာများတွင် BOD, Ammonia, Arsenic, Cadmium, COD, Chlorine, Chromium (hexavalent), Chromium (total), Copper, Cyanide (free), Cyanide (total), Heavy Metal (total), Iron, Lead, Mercury, Nickel, Oil and grease,

pH, Sulphide, Temperature increase, Total coliform bacteria, Total phosphorous, Total suspended solids and Zinc စသည့် ပါရာမီတာတို့အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) မြေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံအတွင်းတွင် Aluminium, Arsenic, Chloride, Cyanide, Extractable Acidity, Manganese, P- Alkalinity, pH, Totall Alkalinity and Total Iron စသည့် ပါရာမီတာတို့အား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၇) စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်၍ စက်ရုံဝင်းနှင့် ပတ်ဝန်းကျင်တွင် စနစ်တကျ ဆောင်ရွက်ထားမှု ရှိ/မရှိ လစဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၈) Hazardous Chemical and Materials နှင့်ပတ်သက်၍ Hazardous Waste Storage Area တွင် Hazardous Waste သိုလှောင်ထားမှုမှတ်တမ်းထားရှိမှု၊ စွန့်ပစ်မှုစနစ်၊ စွန့်ပစ်မှုဧရိယာတို့အား လစဉ် စောင့်ကြည့်စစ်ဆေးရန်။

(ဥ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထား သည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေး ခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထား အသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ထိခိုက်မှုလျှော့ချခြင်းလုပ်ငန်းစဉ်အတွက် နှစ်စဉ်ရန်ပုံငွေ (၈,၀၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် နှစ်စဉ်ရန်ပုံငွေ (၂၆,၂၈၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၃) Emergency Response Plan အတွက် နှစ်စဉ်ရန်ပုံငွေ (၃,၀၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၄) အသိပညာပေးလုပ်ငန်းစဉ်များအတွက် နှစ်စဉ်ရန်ပုံငွေ (၁,၀၀၀,၀၀၀) သုံးစွဲမည်ကို လိုက်နာရန်။

(တ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါဖော်ပြပါ စည်းကမ်း ချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင် သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များ အတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေး များ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ် ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းရေိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) ရေအရင်းအမြစ်အသုံးပြုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(၄) ကုန်ကြမ်းများအား ပြည်ပနိုင်ငံများမှ ရယူတင်သွင်းမှုနှင့်ပတ်သက်၍ ပြည်တွင်း၌ ပြဋ္ဌာန်း ထားသည့် ဥပဒေများနှင့် နိုင်ငံတကာသဘောတူညီချက်များနှင့်အညီ လိုက်နာတင်သွင်းရန်နှင့် လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများသယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ဆောင်ရွက်ရာတွင် Material Safety Data sheet ပါ စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၅) လုပ်ငန်းတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့်ပတ်သက်၍ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေး အဖွဲ့မှ ထုတ်ပြန် ထားသော လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **စွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ။** စွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Filter Press System မှ ထွက်ရှိမည့် Filter Cake အား Yangon City Development Committee (YCDC) မှ မသယ်ဆောင်မီ ယာယီသိုလှောင်ထားရှိမှုအား စနစ်ကျစွာ ထားရှိဆောင်ရွက်ရန်၊

(၂) လုပ်ငန်းစဉ်မှ ပြန်လည်အသုံးပြု၍ မရနိုင်သည့် Plastic Scrap များကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု မရှိစေရေး စနစ်ကျသည့် စီမံခန့်ခွဲမှုအစီအစဉ် ထားရှိဆောင်ရွက်ရန်၊

(၃) Microplastic များ ပတ်ဝန်းကျင်သို့ ပျံ့ကျဲမှု မရှိစေရန်၊ Water Bodies နှင့် မြေဆီလွှာအတွင်းသို့ မရောက်ရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၄) မှန်ဘီလူးမှစွန့်ပစ်သော အစိတ်အပိုင်း (ဖြတ်စများ)၊ စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်အစိုင်အခဲများကို စနစ်တကျ စွန့်ပစ်ဆောင်ရွက်ရန်။

(င) **စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ** ။ စွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Chiller Plant မှ ထွက်ရှိမည့် စွန့်ပစ်ရေကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊

(၂) လုပ်ငန်းစဉ်မှ ထွက်ရှိမည့် စွန့်ပစ်ရေပမာဏနှင့် နေ့စဉ်/လစဉ် သန့်စင်နိုင်သည့် စွန့်ပစ်ရေ ပမာဏ လုံလောက်မှု ရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိရန်၊

(၃) Wastewater Treatment Plant မှ ထွက်ရှိမည့် Sludge တွင် Polishing Compounds, Coolants, Lubricants, Cleaning Agents စသည့် Chemical များ ပါဝင်မည်ဖြစ်သဖြင့် စနစ်ကျစွန့်ပစ်ဆောင်ရွက်ရန်၊

(၄) Wastewater Treatment Plant မှ စွန့်ထုတ်မည့် စွန့်ပစ်ရေသည် NEQEGs Value ထက် ကျော်လွန်မှု မရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ရန်။

(စ) **ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်း သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) ဓာတုပစ္စည်းဖိတ်စင်မှုဖြစ်ပေါ်ပါက ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များအား ချမှတ်ဆောင်ရွက်ထားရန်၊

(၃) ဓာတုပစ္စည်းများ သိုလှောင်ထားရှိရာ၌ Chemical Reaction မှ တစ်ဆင့် မတော်တဆမှု မဖြစ်ပွားစေရေး ဓာတုပစ္စည်းအလိုက် သိုလှောင်ထားရှိရမည့် SOPs နှင့်အညီ စီမံဆောင်ရွက်ရန်၊

(၄) ဓာတုပစ္စည်းကိုင်တွယ်အသုံးပြုသည့်ဝန်ထမ်းများအား ဆက်စပ်သင်တန်းများ တက်ရောက်စေမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြရန်နှင့် အဆိုပါဝန်ထမ်းများ အတွက် PPE များထောက်ပံ့ပေးရန်၊

(၅) ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသည့် ဓာတုပစ္စည်းများအား တိုက်ရိုက် ထိတွေ့ကိုင်တွယ်ခြင်းမပြုဘဲ လုပ်ငန်းခွင်သုံး လုံခြုံရေးအကာအကွယ် ပစ္စည်း များ ဝတ်ဆင်အသုံးပြု ဆောင်ရွက်စေခြင်းနှင့် လုပ်ငန်းခွင်အတွင်း အရေးပေါ် ဆေးသေတ္တာ စီမံဆောင်ရွက်ထားရှိခြင်းနှင့် အရေးပေါ် အခြေအနေဖြစ်ပေါ် လာပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ ပို့ဆောင်နိုင်ရေး စီမံထားရှိရန်၊

(၆) ကုန်ထုတ်လုပ်ငန်းတွင်အသုံးပြုသည့် ကုန်ကြမ်းဓာတုပစ္စည်းများကြောင့် အလုပ် သမားများနှင့် စက်ရုံများအနီးတွင်နေထိုင်သော လူမှုပတ်ဝန်းကျင်အတွက် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ မဖြစ်ပေါ်စေရေး စနစ်တကျဆောင်ရွက်ရန်။

(ဆ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ် ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံ များအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရမည်။

(ဇ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(၈) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်

လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(ဖ) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဗ) စီမံကိန်းရေိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(ဘ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု၊

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဋ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း

များ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(၃) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများ အပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ တွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာ ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်

များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း ၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---